
# Panasonic

# အသုံးပြုပုံလမ်းညွှန်ချက်များ

## သစ်သီးအရည်ညှစ်စက်

မော်ဒယ်နံပါတ် . **MJ-68M**




ဤထုတ်ကုန်ကိုအသုံးမပြုမီလုံခြုံရေးကြိုတင်အသိပေးချက်များကိုအထူးအလေးအနက်ထားကြည့်ရှုပါ။

အကောင်းဆုံးစွမ်းဆောင်ရည်နှင့်ဘေးကင်းလုံခြုံစေရန်အတွက်ဤလမ်းညွှန်ချက်များကိုကျေးဇူးပြု၍သေချာဖတ်ပါ။

ဤယူနစ်ကိုအိမ်တွင်အသုံးပြုရန်အတွက်သာဖြစ်သည်။

## ပါဝင်သည့်အကြောင်းအရာများ


အရေးကြီးသောအကာအကွယ်များ

ပါဝင်သည့်အစိတ်အပိုင်းများ

ဆားကစ်ဘရိတ်ကာ ကာကွယ်မှု

လုံခြုံသောခလုတ်တည်ဆောက်မှု

အသုံးပြုပုံ

သန့်ရှင်းရေးပြုလုပ်ပုံ

အညွှန်းများ

အသေးစိတ်အချက်အလက်များ


# အရေးကြီးသောအကာအကွယ်များ

ဤအရည်ညှစ်စက်ကိုအသုံးပြုသောအခါအောက်တွင်ဖော်ပြထားသောအခြေခံလုံခြုံရေးကြိုတင်သတိပေးချက်များကိုလိုက်နာပါ။

၁ အသုံးမပြုခင်ညွှန်ကြားချက်အားလုံးကိုဖတ်ပါ။

၂ လျှပ်စစ်ရှော့ခ်အန္တရာယ်မဖြစ်ရန်မော်တာအိမ်အတွင်းသို့ရေ(သို့)အခြားအရည်များမထည့်မိပါစေနှင့်။

၃ ကလေးများအနီးတွင်ရှိစဉ်သစ်သီးညှစ်စက်ကိုအသုံးပြုပါကအနီးကပ်စောင့်ကြည့်ဖို့လိုအပ်သည်။

၄ အစိတ်အပိုင်းများကိုဖြုတ်ခြင်းနှင့်သန့်ရှင်းရေးမပြုလုပ်မီ(သို့)အစိတ်အပိုင်းများတပ်ခြင်းမပြုလုပ်မီနံရံရှိပလပ်ပေါက်မှပလပ်ကိုချွတ်ပါ။

၅ ရွေ့လျားသောအစိတ်အပိုင်းများကိုထိမိခြင်းမှရှောင်ရှားပါ။

၆ ချို့ယွင်းခြင်း(သို့)ပြုတ်ကျထားသောစက်ကို(သို့)မီးကြိုး(သို့)ပလပ်မကောင်းလျှင်သစ်သီးညှစ်စက်ကိုအသုံးမပြုပါနှင့်။

၇ အကြံမပြုထားသောဆက်စပ်ပစ္စည်းများကိုအသုံးပြုခြင်း(သို့)တရားမဝင်ဝယ်ယူထားသောကိုယ်စားလှယ်များထံမှဝယ်ယူထားသောဆက်စပ်ပစ္စည်းများကိုအသုံးပြုပါကစက်ချို့ယွင်းနိုင်ပါသည်။

၈ သစ်သီးညှစ်စက်ကိုပြင်ပနေရာတွင်အသုံးမပြုပါနှင့်။

၉ ပါဝါကြိုးကိုစားပွဲအစွန်းတွင်တွဲလောင်းချ၍(သို့)ပူသောမျက်နှာပြင်များနှင့်ထိတွေ့၍မထားပါနှင့်။

၁၀ စက်တွင်သတ်မှတ်ထားသောဝန်ထက်ပိုထည့်၍အသုံးမပြုပါနှင့်။

၁၁ အစိတ်အပိုင်းများကိုရေနွေးထဲတွင်ထည့်၍မည်သည့်အခါတွင်မှမဆေးကြောရ။

၁၂ ဆေးကြောနိုင်သောအစိတ်အပိုင်းများကိုပန်းကန်ဆေးစက်ထဲ၌မဆေးပါနှင့်။

၁၃ အပူထွက်သောနေရာများနှင့်နီးရာတွင်သစ်သီးဖျော်စက်ကိုမထားပါနှင့်။

၁၄ မီးပလပ်ကိုချွတ်ရန်အတွက်ပလပ်ခေါင်းကိုလက်ဖြင့်ကိုင်ပြီးနံရံရှိပလပ်ပေါက်မှဆွဲချွတ်ပါ။ကြိုးမှကိုင်၍ဘယ်သောအခါမှဆွဲမချွတ်ပါနှင့်။

၁၅ စက်ကိုအသုံးပြုနေစဉ်ကြည့်ရှုသူမရှိပဲဘယ်သောအခါမှမထားပါနှင့်။

၁၆ ဤသစ်သီးညှစ်စက်သည်ဤလမ်းညွှန်လက်ဆွဲတွင်ဖော်ပြထားသည့်အတိုင်းငှင်း၏ရည်ရွယ်ချက်များအတွက်သာသုံးသင့်သည်။

၁၇ စက်ကိုမဖွင့်မီအိုးအဖုံးကိုစနစ်တကျကြပ်ထားကြောင်းအမြဲသေချာပါစေ။သစ်သီးညှစ်စက်၏အဖုံးကိုအသုံးပြုနေစဉ်အတွင်းချောင်အောင်မပြုလုပ်ပါနှင့်။

၁၈ အသုံးပြုပြီးသည့်အခါသစ်သီးညှစ်စက်၏ခလုတ်ကိုပိတ်ပါ။အိုးအဖုံးကိုမဖွင့်မီစက်လည်ပတ်နေမှုများလုံးဝရပ်သွားကြောင်းသေချာပါစေ။

၁၉ သင်၏လက်ချောင်းများ(သို့)အခြားမသက်ဆိုင်သောပစ္စည်းတစုံတရာကိုသစ်သီးညှစ်စက်၏သစ်သီးထည့်သောအပေါက်ထဲသို့မထည့်ပါနှင့်။သစ်သီးထည့်အပေါက်တွင်သစ်သီးများညှပ်နေပါကတွန်းတံ(သို့)နောက်ထပ်သစ်သီးတစ်လုံးထပ်ထည့်၍အောက်သို့တွန်းချပါ။ဤနည်းလမ်းဖြင့်ပြုလုပ်၍မရပါကသစ်သီးညှစ်စက်၏ခလုတ်ကိုပိတ်၍အိုးအဖုံးကိုဖြုတ်ပြီးညှပ်နေသောသစ်သီးကိုထုတ်ယူပါ။

၂၀ စက်၏အစိတ်အပိုင်းများအားလုံးသန့်ရှင်းရမည်။သစ်သီးများမှကြွင်းကျန်သောအစိတ်အပိုင်းများသည်မနှစ်မြို့စရာအနံ့ဆိုးများ၊စွန်းထင်းမှုများ(သို့)လည်သည့်အစိတ်အပိုင်းများပုံမှန်အလုပ်မလုပ်ခြင်းများဖြစ်နိုင်သည်။


၂၁ ပေးထားသောပါဝါကြိုးများပြတ်စီးလျှင်ဘေးအန္တရာယ်ဖြစ်မှုများမှရှောင်ရှားရန်အတွက်ပန်နာဆိုးနစ်၏ဆားဗစ်ကိုယ်စားလှယ်(သို့)အလားတူအရည်အချင်းပြည့်ဝသောဆားဗစ်အင်ဂျင်နီယာတစ်ဦးဦးဖြင့်သာလဲလှယ်တပ်ဆင်ခြင်းပြုလုပ်ရမည်။

၂၂ စိတ်ပိုင်းဆိုင်ရာစွမ်းအင်၊ရုပ်ပိုင်းဆိုင်ရာအားနည်းသော(သို့)အတွေ့အကြုံနှင့်ဗဟုသုတနည်းပါးသောပုဂ္ဂိုလ်များ(ကလေးအပါအဝင်)အားအသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။အကယ်၍ဤထုတ်ကုန်အသုံးပြုမှုကိုငင်းတို့၏လုံခြုံရေးကိုတာဝန်ရှိသူကကြီးကြပ်ခြင်း(သို့)ညွှန်ကြားချက်များမပေးလျှင်လည်းအသုံးမပြုသင့်ပါ။ဤစက်ဖြင့်မကစားရန်ကလေးများကိုကြီးကြပ်သင့်သည်။

၂၃ ဆက်စပ်ပစ္စည်းများလဲလှယ်ခြင်း(သို့)ရွေ့လျားနေသောပစ္စည်းများကိုချဉ်းကပ်ရာတွင်ခလုတ်ကိုပိတ်၍လျှပ်စစ်ပါဝါအထောက်အပံ့ကိုဖြုတ်တောက်လိုက်ပါ။

ဤလမ်းညွှန်ချက်များကိုလိုက်နာပါ။

# အစိတ်အပိုင်းများကိုခွဲခြားသတ်မှတ်ခြင်းဖြုတ်သိမ်းနည်းလမ်းများ





တစ်စစီဖြုတ်သည်။


၁။




၂။



၃။






၄။




၁ တွန်းတံ
၂ အိုးအဖုံး
၃ လည်သည့်ပြွန်
၄ ဗူး
၅ မော်တာစက်အုံ
၆ ခွက်အဖုံး
၇ သစ်သီးရည်ခံခွက်
၈ ညှပ်
၉က. အဖွင့်ခလုတ်
ခ. အပိတ်ခလုတ်
၁၀ အမြင့်ဆုံးသစ်သီးရည်လက်ခံနိုင်သောအမှတ်အသား
၁၁ သစ်သီးထည့်သည့်အပေါက်
၁၂ ဘရက်ရှ်

## ဆားကစ်ဘရိတ်ကာအကာအကွယ်

သစ်သီးအရည်ညှစ်စက်၏မော်တာကိုအားများများသုံးခြင်း၊အရေအတွက်ပမာဏများခြင်း(သို့)ကုန်မာများခြင်းတို့ဖြင့်အဆမတန်လည်ပတ်မိစေပါကအတွင်းတွင်တပ်ဆင်သောဆားကစ်ဘရိတ်ကာသည်သစ်သီးအရည်ညှစ်စက်ဆီသို့ပို့လွှတ်နေသောလျှပ်စစ်ပမာဏကိုအလိုအလျောက်ဖြတ်တောက်လိမ့်မည်။ဆက်လက်အသုံးပြုရန်အောက်ပါအဆင့်များကိုလိုက်နာရပါမည်။






| | |
|---|---|
|  | • "OFF"ခလုတ်ကိုနှိပ်ပါ။ |
|  | • ခွက်၏အဖုံးကိုဝင်၍ပါဝင်ပစ္စည်းများနှင့်အသီး၏အသားများကိုဖယ်ပါ။ |
|  | • ပါဝင်ပစ္စည်းများကိုအစားအစာထည့်သွင်းသည့်အပေါက်နှင့်အံဝင်ခွင်ကျဖြစ်အောင်အတုံးသေးများလှီးပါ။ "ON"ခလုတ်ကို နောက်တစ်ကြိမ်နှင့် ပါဝင်ပစ္စည်းများကို တွန်းတံဖြင့် ညင်သာစွာ ဖိချပါ။ |

## ဘေးကင်းလုံခြုံရေး ခလုတ်ကိုတပ်ဆင်ခြင်း







စက်တွင် ကလန့်များ ပြည့်စုံစွာတပ်ဆင်ပြီး နောက်မှသာ သစ်သီးအရည်ညှစ်စက် ON ခလုတ်ကို ON ရန်အတွက် နှိပ်နိုင်သည်။

## သစ်သီးအရည်ညှစ်စက်ကို အသုံးပြုပုံ

| | |
|---|---|
|  | • ဘူး၊ မွှေစက်၊ ဘူးအဖုံး၊ ခွက်အဖုံးနှင့် အရည်ညှစ်ခွက်ကို တပ်ဆင်ပါ။<br>သတိပေးချက် – အရည်ညှစ်ခွက်ကို မှန်ကန်စွာတပ်ပါ။ သို့မဟုတ်ပါက ဖျော်ရည်များသည် ခွက်မှ ယိုထွက်နိုင်ပါသည်။ |
|  | • အရည်ညှစ်ခွက်အဖုံးကို လုံခြုံစေရန် ညှပ်ကို လက်နှစ်ဖက်ဖြင့် သုံး၍ လှဲပါ။<br>သတိပေးချက် – ကလန့်များသည် ပြည့်စုံစွာ တပ်ဆင်ထားခြင်းမရှိပါက စက်စတင်လည်ပတ်ရန် ခလုတ်ကို နှိပ်၍မရပါ။ |
|  | • ပါဝင်ပစ္စည်းများကို အစားအစာထည့်သွင်းသည့် အပေါက်နှင့် အံ့ဝင်ခွင်ကျ ဖြစ်အောင်အတုံးသေးများလှီးပါ။<br>သတိပေးချက် – ပါဝင်ပစ္စည်းများကို မလှီးဖြတ်ခင် သန့်စင်စွာဆေးပါ။<br>– ငှက်ပျောသီးများ၊ စတော်ဘယ်ရီသီးများကဲ့သို့ပျော့သော အသီးများသည် မွှေစက်ကို ပိတ်ဆို့စေသည့်အနှစ်ကိုထုတ်ပါသည်။ |
|  | • သင့်လျော်သောနံရံတပ် ပလပ်ခုံတွင် ပလပ်ကိုထိုးပါ။<br>ON ခလုတ်ကိုနှိပ်ပါ။ |
|  | • ပါဝင်ပစ္စည်းများကို ဖျော်ရည်လုပ်ရန် တွန်းတံဖြင့်ဖိချပါ။ |
|  | • အသုံးပြုပြီးနောက် ခလုတ်ကိုနှိပ်ရန် သုံးဆောင်ရန်၊ အရည်ညှစ်ခွက်အဖုံးနှင့် အရည်ညှစ်ခွက်ကိုသုံးပါ။<br>သတိပေးချက် – အသုံးပြုပြီးတိုင်း နံရံတပ်ပလပ်ခုံမှ ပလပ်ခေါင်းကိုဖြုတ်ပါ။ |


# သစ်သီးအရည်ညှစ်စက်ကိုသန့်ရှင်းပုံ

သစ်သီးအရည်ညှစ်စက်အား မသန့်ရှင်းမီ နံရံတပ် ပလပ်ခုံမှ ပလပ်ခေါင်းကို ဖြုတ်ပါ။
အသုံးပြုပြီးသည်နှင့် ယူနစ်ကို သန့်ရှင်းရာတွင် အရေးကြီးပါသည်။

| အစိတ်အပိုင်းများ | စက်သန့်ရှင်းပုံ |
|---|---|
| မွှေစက်<br> | ပုံတွင်ပြထားသည့်အတိုင်း မွှေစက်ကို ရေပိုက်ခေါင်းအောက်တွင် ဘရက်ရှ်ဖြင့် တိုက်၍ ဆေးပြီး သုတ်၍ အခြောက်ခံပါ။<br>သတိပေးချက် - မွှေစက်ကိုမပျက်စီးအောင်ဂရုပြုပါ။ |
| မော်တာစက်အုံ<br> | အစွန်းအထင်းများကို အဝတ်ခြောက်နှင့်သုတ်၍အခြောက်ခံပါ။<br>သတိပေးချက် - ရေ (သို့) အခြားအရည်များတွင် မနစ်ပါနှင့်။<br>- သန့်ရှင်းရေးကိရိယာများ၊ သံမများ(သို့)အခြားပွန်းရှလွယ်သော အရာများကို မသုံးပါနှင့်။ ဘန်ဇင်း၊ အရောင်သုတ်ဆီနှင့် အရက်ပြန်များကိုလည်း မသုံးပါနှင့်။<br>- ပန်းကန်ဆေးစက်(သို့) ပန်းကန်အခြောက်ခံစက်ကို မသုံးပါနှင့်။ |
| အခြားအစိတ်အပိုင်းများ<br> | အခြားအစိတ်အပိုင်းများကို ရေဖြင့်ဆေး၍ သုတ်ပြီးအခြောက်ခံပါ။<br>သတိပေးချက် - သန့်ရှင်းရေးကိရိယာများ၊ သံမများ(သို့)အခြားပွန်းရှလွယ်သော အရာများကို မသုံးပါနှင့်။ ဘန်ဇင်း၊ အရောင်သုတ်ဆီနှင့် အရက်ပြန်များကိုလည်း မသုံးပါနှင့်။<br>- ပန်းကန်ဆေးစက်(သို့) ပန်းကန်အခြောက်ခံစက်ကို မသုံးပါနှင့်။<br>- အရောင်ပြောင်းလဲနိုင်ပါသည်။<br>- အချို့ပါဝင်ပစ္စည်းများ (မုန်လာဥကဲသို့) ၏အရောင်များသည် အစိတ်အပိုင်းများကို အရောင်ပြောင်းစေနိုင်ပါသည်။အသုံးပြုရာတွင် ပြဿနာမရှိနိုင်ပါ။ |

အစိတ်အပိုင်းအားလုံးကို နောက်တစ်ကြိမ် အသုံးမပြုမီ သိမ်းဆည်းရာတွင် သေချာစွာ အခြောက်ခံပြီးမှသာ သိမ်းပါ။

## ချက်နည်းပြုတ်နည်းများ



မုန်လာဥပန်းသီးဖျော်ရည်

ပါဝင်သောပစ္စည်းများ(၄ပွဲ)

| | |
|---|---|
| မုန်လာဥ | ၂လုံး |
| ပန်းသီး | ၄လုံး |
| ရှောက်သီး | ၁လုံး |

### နည်းလမ်းများ

၁။ ပုံတွင်ပြထားသည့်အတိုင်း မုန်လာဥကို ဆေး၍လှီးပါ။

၂။ ပန်းသီးကိုဒေါင်လိုက် လေးစိတ်လှီး၍ အူတိုင်ကိုဖယ်ပါ။

၃။ ကလန့်များကို နေရာမှန်တွင် တပ်ဆင်ထားရမည်။

၄။ အရည်ညှစ်ခွက်ကို အဖုံးနှင့်အတူ တပ်ဆင်ပါ။

၅။ ခလုတ်ကိုနှိပ်ပါ။

၆။ ပါဝင်ပစ္စည်းများကို အစားအစာထည့်သွင်းသည့် အပေါက်ထဲသို့ တစ်ခုချင်းစီထည့်ပါ။ ပါဝင်ပစ္စည်းများကို တွန်းတံဖြင့် ဖိချပါ။
ထိုအခါ အရည်ညှစ်ခွက်ထဲတွင် ဖျော်ရည်များရလာပါလိမ့်မည်။

၇။ ရှောက်သီးကို တစ်ဝက်လှီး၍ လိုချင်သလောက်ပမာဏကို အရည်ညှစ်၍ ထည့်ပါ။

## အသေးစိတ်အချက်အလက်များ

| | |
|---|---|
| သစ်သီးအရည်ဖျော်စက်၏ လျှပ်စစ်ပမာဏ | ၂၂၀ – ၂၃၀ ဗို့၅၀ / ၆၀ ဟတ်စ် |
| သစ်သီးအရည်ညှစ်စက်၏ လျှပ်စစ်သုံးစွဲမှုပမာဏ | ၂၀၀ ဝပ် |
| သစ်သီးအရည်ညှစ်စက်၏ အရှိန်နှုန်း (ဝန်မပါ) | ပျမ်းမျှလည်ပတ်နှုန်း ၁၂,၅၀၀ |
| သစ်သီးအရည်ညှစ်စက်ခွက်၏ ဝင်ဆံ့မှုပမာဏ | ၆၀၀ မီလီလီတာ |
| သစ်သီးအရည်ညှစ်စက်ခွက်၏ အတိုင်းအတာ (အလျား × အနံ × အမြင့်) | (၂၀.၅ × ၂၇.၅ × ၂၉) စင်တီမီတာ |
| သစ်သီးအရည်ညှစ်စက်၏ အလေးချိန် | ၂.၈ ကီလိုဂရမ် |
| သစ်သီးအရည်ညှစ်စက်၏ အပိုပစ္စည်းများ | ဘရက်ချ် |
| သစ်သီးအရည်ညှစ်စက်၏ အသုံးပြုမှုနှုန်း | ဆက်တိုက် (၂ မိနစ်ပိတ်၊ ၂ မိနစ်ဖွင့်) |

Panasonic Manufacturing Malaysia Berhad.

No. 3, Jalan Sesiku 15/2, Section 15, Shah Alam Industrial Site,
40200 Shah Alam, Selangor Darul Ehsan, Malaysia.